# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အသိပေးကြေညာချက်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ တိရစ္ဆာန်သုံးဆေးဝါးများ၊ တိရစ္ဆာန်သုံးပစ္စည်းများ တင်သွင်းခြင်းအတွက် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော သဘောထားမှတ်ချက်များကို ထုတ်ပေးလျက်ရှိရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (WTO Trade Facilitation Agreement) လုပ်ငန်းစဉ်ပါအတိုင်း စာရွက်စာတမ်း အသုံးပြုမှုလျှော့ချပြီး အီလက်ထရောနစ်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရန် ဟူသော ရည်မှန်းချက်နှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများတွင် လိုအပ်သောအချက်အလက်များကို အီလက်ထရောနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် သွင်းကုန် သဘောထားမှတ်ချက် ထုတ်ပေးခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ်ကို အသုံးပြု၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ အကောက်ခွန်ဦးစီး ဌာနတွင် MACCS User Code နှင့် E-Token များအား အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ User Registration Section သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ Email ဖြင့် (maccs.usercode@gmail.com) လည်းကောင်း၊ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ဖြင့် ပူးတွဲလျှောက်ထားရန် လိုအပ်ပါသည် -

(က) Company Letter Head ကတိခန်ဝံချက်လျှောက်လွှာ **UR-4 Form** (www.maccs.gov.mm → MACCS Registration → Form Download) တွင် Download လုပ်ပါ။

(ခ) လျှောက်ထားသူ၏မှတ်ပုံတင် **(မူရင်း)**

(ဂ) IE Code **(မူရင်း)**

(ဃ) Application Form **(UR-1)**

(င) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် **မူရင်း (Colour ဖြင့်) + Company Extract** ပါတွဲရန်

(စ) ပို့ကုန် / သွင်းကုန် လုပ်ငန်းရှင်လက်မှတ် **မူရင်း (Colour ဖြင့်)**

(UR Form များအား www.maccs.gov.mm website တွင် ဝင်ရောက်၍ Download ပြုလုပ် နိုင်ပါသည်။)

သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းခြင်းမပြုမီ အောက်ဖော်ပြပါ စာရွက်စာတမ်းများ၊ အထောက်အထားများအား Myanmar Automated Cargo Clearance System (MACCS) စနစ်တွင် ပူးတွဲလျှောက်ထားရမည် ဖြစ်ပါသည်-

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(ခ) ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းမှတ်ပုံတင်

(ဂ) အရောင်းအဝယ်စာချုပ်မူရင်း (Origin Sale Contract)

(ဃ) ကုန်ထုပ်ပိုးမှုမူရင်း (Invoice / Packing list)

(င) ပင်ရင်းဒေသသက်သေခံလက်မှတ် (Certificate of Origin)

(စ) ကုန်ပစ္စည်းတင်ပို့မည့်နိုင်ငံ၏ Veterinary Authority မှ ထုတ်ပြန်ပေးသော Veterinary Health Certificate

(ဆ) တိရစ္ဆာန်အစာများ၊ တိရစ္ဆာန်သုံးဆေးဝါးများအတွက် Certificate of Analysis

(ဇ) ဓါတ်ခွဲခန်းစစ်ဆေးချက်အဖြေ

(ဈ) မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ထောက်ခံချက်

သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အီလက်ထရောနစ်စနစ် အသုံးပြုဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် အသိပေးကြေညာအပ်ပါသည်။